ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၇၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ငြိမ်းချမ်းရေး ညီလာခံတက်ရန် ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၂၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။　　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကလေးမြို့နယ်၊ ထောက်ကြံ့ကျေးရွာ၊ အနောက်ဘက် ဝက်ခေါင်းတောင်ကုန်းအောက်ခြေမှ ဖလမ်းမြို့နယ်၊ ဗာရ်တံတားအထိ လိုဏ်ဂူဖောက်လုပ်ပြီး ရထားနှင့်ကားပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။　　။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ကလေးမြို့နယ်၊ ထောက်ကြံ့ကျေးရွာ၊ အနောက်ဘက် ဝက်ခေါင်းတောင်ကုန်းအောက်ခြေမှ ဖလမ်းမြို့နယ်၊ ဗာရ်တံတား အထိ လိုဏ်ဂူဖောက်လုပ်ပြီး ရထားနှင့်ကား ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)**။　　။ အစဉ်လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး လိုရာဆန္ဒပြည့်စုံရုံတင်မက ရန်သူကြီး (၅)မျိုး ဘေးရန်မှလည်း ထာဝစဉ်ကင်းလွတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွဲန်ခန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းလိုတဲ့ဟာ မေးခွန်း

ကတော့ ဒီ ကလေးမြို့နယ်၊ ထောက်ကြံ့ကျေးရွာအနောက်ဘက် ဝက်ခေါင်းတောင်ကုန်းအောက်ခြေ ကနေပြီးမှ ဖလမ်းမြို့နယ်၊ ဗာရ်တံတားအထိ လိုဏ်ဂူဖောက်ပြီးမှ ရထားနဲ့ကား ပြေးဆွဲနိုင်ရေး အစီအစဉ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုကဲ့သို့ တင်ပြရခြင်းမှာ ကလေးမြို့နဲ့ မဏိပူရမြစ်သည် ပင်လယ်ပြင်အမြင့် မတိမ်းမယိမ်းဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဒီလိုဏ်ဂူ ဖောက်လို့ရှိရင်တော့ ကျွန်တော် အဆင်းအတက် မလိုဘဲနဲ့ ဒီအတိုင်း တစ်ပြေးညီဖောက်လုပ်လို့ရမယ် ဖြစ်ပါတယ်။ ၎င်းအပြင် ဖောက်လုပ်နိုင်ပါက ခရီးအရှည် လမ်းခရီးအရှည်က (၁၅)မိုင်လောက်ပဲရှိမယ် ဖြစ်တဲ့အတွက်ကြောင့် ခရီးကတိုတိုလေး ဖြစ်ပါတယ်။ ကလေး-သိုင်ငင်း-ဖလမ်း ကားလမ်း ဗာရ်တံတားအထိက မိုင်(၇၀) လောက် ဝေးတာဖြစ်ပါတယ်။ အဲဒါကို ဒီဟာဖောက်လုပ်လို့ရှိရင်တော့ ကျွန်တော်တို့ ဖလမ်းမြို့ကို မိုင်(၃၀)၊ ကလေးမြို့ကနေ မိုင်(၃၀)လောက်နဲ့ ရောက်နိုင်မှာဖြစ်ပါတယ်။ နောက် ဟားခါးမြို့တော်ကို ချင်းမြို့တော်ကို ကျွန်တော်တို့ မိုင်(၇၀)လောက်နဲ့ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ မိုးတွင်းအခါမှာ ချင်းပြည်နယ်ရဲ့ ဒီလမ်း ပြိုကျမှု၊ လမ်းပိတ်ဆို့မှု အမြဲတမ်းကြုံတွေ့နေရခြင်းကိုလည်း ဒီလိုဏ်ဂူဖောက်လုပ်ခြင်းအားဖြင့် အများကြီးသက်သာသွားမှာ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ကုန်စည် စီးဆင်းမှုကလည်း ကျွန်တော်တို့ ချင်းပြည်နယ်ကနေထွက်လာတဲ့ သီးနှံတွေကလည်း မနွမ်းမရိဘဲနဲ့ ကလေးမြို့သို့ အမြန်ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလမ်းအသုံးပြုခြင်းအားဖြင့် ကျွန်တော်တို့ ကလေးမြို့ ကနေ ဖလမ်းကိုလည်းပဲ နေ့ချင်းပြန်ရုံးတက်လို့လည်း ရနိုင်မှာဖြစ်ပါတယ်။

ဖလမ်းမြို့က တက္ကသိုလ်ကျောင်းသားတွေလည်း ကလေးတက္ကသိုလ်နဲ့ ကလေးနည်းပညာ တက္ကသိုလ်သို့ နေ့ချင်းပြန်နဲ့တောင်မှ ကျောင်းတက်နိုင်မှာဖြစ်ပါတယ်။ ကွန်ပျူတာတက္ကသိုလ်ကျတော့ ကလေးဝဘက်မှာရှိတာဆိုတော့ နည်းနည်းဝေးပါတယ်။ ဒါကြောင့် ဒီလမ်းကိုဖောက်လုပ်ခြင်းအားဖြင့် ခရီးသွားပြည်သူများ သက်တောင့်သက်သာနဲ့ အလွယ်တကူ အချိန်တိုအတွင်း ရောက်ရှိနိုင်မှာဖြစ်တဲ့ အတွက်ကြောင့် ဒီကလေးမြို့ကနေပြီး ကလေးမြို့နယ်၊ ထောက်ကြံ့ကျေးရွာ အနောက်ဘက်ရှိ တောင်ခြေ ကနေပြီးမှ ဗာရ်တံတားအထိ လိုဏ်ဂူဖောက်လုပ်ပြီး ကားနဲ့ရထား ပြေးဆွဲရေး အစီအစဉ်ကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှိသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီးရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးမြင့်သိန်း၊ ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေး နိုင်ရန်အတွက် ချင်းပြည်နယ်၊ အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း မှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ကလေးမြို့၊ ထောက်ကြံ့ကျေးရွာအနောက်ဘက် ဝက်ခေါင်းတောင်ကုန်း အောက်ခြေမှ ဖလမ်းမြို့နယ်၊ ဗာရ်တံတားအထိလိုဏ်ဂူဖောက်လုပ်ပြီး ရထားနဲ့ကားပြေးဆွဲရေး အစီအစဉ်

ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စားကျွန်တော် ဒုတိယဝန်ကြီး ဦးမြင့်သိန်း မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကလေးမြို့နယ်၊ ထောက်ကြံ့ကျေးရွာဟာ ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းပေါ်မှာ တည်ရှိပြီးတော့ အမြင့်ပေ(၄၃၀)ခန့်၊ ဖလမ်းမြို့နယ်၊ ဗာရ်တံတားအထိ ကွင်းပြင်ဟာ အမြင့်ပေ(၁၀၅၀)ပေခန့်မှာ တည်ရှိပါသောကြောင့် ထောက်ကြံ့ဘူတာမှ ဗာရ်တံတားအနီးကွင်းပြင်သို့ ဦးတည်၍ ဥမင်လိုဏ် ဖောက်လုပ်ပါက (၂၁.၇၅)မိုင်ခန့် ကွာဝေးမှာဖြစ်ပြီးတော့ အနိမ့်အမြင့် ကွာခြားမှု ပေ(၆၉၀)ခန့် ရှိပါတယ်။ ထို့အပြင် ဥမင်အတွင်း၌ ရထားလမ်းဖောက်လုပ်ရာတွင် ရေပြင်ညီအနေအထားဖြင့်သာ ဖောက်လုပ်နိုင်သည့်အပြင် ယခုလမ်းအားဖောက်လုပ်ပါက တောက်လျှောက် အတက်ဆင်ခြေလျှော (၁း၁၆၆)ရှိမှာ ဖြစ်ပါသဖြင့် နည်းပညာပိုင်းအရ ကားလမ်းအတွက် ပြဿနာမရှိသော်လည်း ရထားလမ်းများအတွက်မူ တောက်လျှောက် အတက်(၁း၁၆၆)ဖြစ်သဖြင့် အလျား(၂၁.၇၅)မိုင်ခန့် မောင်းတက်ရန်အတွက် မဖြစ်နိုင်ပါ။

မြန်မာ့မီးရထားအနေဖြင့် ပုံတောင်-ပုံညာ ဥမင်လမ်းပိုင်း အရှည်(၁)မိုင်ကို ၁၆-၁၀-၁၉၉၆ မှ ၂၅-၇-၂၀၀၆ ခုနှစ်အထိဖောက်လုပ်ခဲ့ရပြီးတော့ စုစုပေါင်းကုန်ကျငွေကျပ်သန်းပေါင်း (၂၂၄၅)သန်းကျော် ကုန်ကျခဲ့ပါတယ်။ ဗာရ်တံတားအထိ ဥမင်အလျားဟာ အနည်းဆုံး(၂၀)မိုင်ခန့် ဖောက်လုပ်ရမှာဖြစ်၍ ကုန်ကျစရိတ် အလွန်များပြားမည်ဖြစ်ပါသောကြောင့် လောလောဆယ်မှာ ဖောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာမြတ်ညာဏစိုး၊ အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။**　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ ကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ညာဏစိုး ကတင်ပြသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၆ -၀၂၄
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၁၃ ရက်

၁။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို ဇန်နဝါရီလ (၅)ရက်နေ့မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့ပါတယ်။ ဒီ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ကြတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဖြစ်ကြတဲ့ ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း နှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့ကနေပြီးတော့ အကြံပြုဆွေးနွေးခဲ့ပါတယ်။ ဒီအကြံပြုဆွေးနွေးချက်တွေနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၄)ဦးစလုံးနဲ့ အပါအဝင် တစ်ခါ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်က ပညာရှင်တွေနဲ့ မနေ့ကပဲ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်း ကြားနာခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီး(၂)ဦးတို့ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်းသာ ဆက်လက်ထားရှိသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါတယ်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖုန်းမြင့်အောင် က အကြံပြု ဆွေးနွေးခဲ့တဲ့အခါမှာတော့ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၉ မှာ ပါရှိတဲ့ ပြည်တွင်း၌သွားလာသည့်အခါ ဆိုသည့်စကားရပ်ကို ပြည်တွင်း၌ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များအတွက် သွားလာသည့်အခါ ဆိုတဲ့စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း တင်ပြခဲ့ပါတယ်။ အပိုဒ် ၁၀ ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်းနဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)(ဂ)(ဃ) အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၈၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်းပဲ ထားရှိဖို့ဆိုပြီးတော့ အကြံပြုတင်ပြခဲ့ပါတယ်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် က အကြံပြု ဆွေးနွေးခဲ့တဲ့အခါမှာတော့ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၉ တစ်ခုတည်းကိုပဲ လက်ခံသင့်ပြီးတော့ ကျန်အပိုဒ်များကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါတယ်။

၅။ ကျွန်တော်တို့ ကော်မတီကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အတိုင်းသာ အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု သင့်ပါကြောင်း မူလအစီရင်ခံစာအတိုင်းပဲ ထပ်မံတင်ပြအပ်ပါတယ်။ ကော်မတီရဲ့သဘောထားမှတ်ချက်ကို တင်ပြပါမယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၆။　　သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်းသာ အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုဆောင်ရွက်သင့်ပါကြောင်းနှင့် အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ် ကြီး(၄)ဦးစလုံးတို့ရဲ့ တင်ပြချက်များကို လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။**　　။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေး ဆိုင်ရာဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) (ဂ) တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး တို့က အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ ဥပဒေကြမ်း ကော်မတီရဲ့သဘောထားမှတ်ချက်ကိုအခြေခံပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ (၈၉)၊ ကန့်ကွက် (၈၀)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)(ဂ)သည် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တို့က အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦးတို့က အဆိုပြု ပြင်ဆင်ချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၇၉)၊ ကန့်ကွက်(၈၈)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)သည် ဒေါ်ခင်ဝိုင်းကြည်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တို့က အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦးတို့က အဆိုပြု ပြင်ဆင်ချက် အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၇၀)၊ ကန့်ကွက်(၉၃)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)သည် ဒေါ်ခင်ဝိုင်းကြည်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၄ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောထားမှတ်ချက်ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က အဆိုပြု ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ(၆၃)၊ ကန့်ကွက်(၉၈)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် အပိုဒ် ၄ သည် ဦးဖုန်းမြင့်အောင်၊ ဒေါ်ခင်ဝိုင်းကြည်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၅ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောထား မှတ်ချက်ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က အဆိုပြု ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ(၄၅)၊ ကန့်ကွက်မဲ(၁၁၇)၊ ကြားနေ(၇)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် အပိုဒ် ၅ သည် ဦးဖုန်းမြင့်အောင်၊ ဒေါ်ခင်ဝိုင်းကြည်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၆၊ အပိုဒ်ခွဲ(က)(ခ)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထား ရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး

ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး တို့က အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ(၃၆)၊ ကန့်ကွက်(၁၂၃)၊ ကြားနေ(၈)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် အပိုဒ် ၆၊ အပိုဒ်ခွဲ(က)(ခ)သည် ဦးဖုန်းမြင့်အောင်၊ ဒေါ်ခင်ဝိုင်းကြည် နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြု ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၇၊ အပိုဒ်ခွဲ(က)(ခ)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်း ထားရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က အဆိုပြု ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ (၄၃)၊ ကန့်ကွက်(၁၁၈)၊ ကြားနေ(၆) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် အပိုဒ် ၇၊ အပိုဒ်ခွဲ(က)(ခ)သည် ဦးဖုန်းမြင့်အောင်၊ ဒေါ်ခင်ဝိုင်းကြည် နှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦးတို့ရဲ့ တင်ပြချက် အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၈ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘော ထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က အဆိုပြု ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ(၃၅)၊ ကန့်ကွက်(၁၂၃)၊ ကြားနေ(၈)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် အပိုဒ် ၈ သည် ဦးဖုန်းမြင့်အောင်၊ ဒေါ်ခင်ဝိုင်းကြည် နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တို့က အပိုဒ် ၉ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အပိုဒ် ၉ ကို ကိုယ်ရံတော်သည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ ပြည်တွင်း၌ လှုပ်ရှားမှုရေး၊ ကျန်းမာရေးကိစ္စရပ်များအတွက် သွားလာသည့်အခါ မိမိနှင့်အတူ သင့်လျော်သော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါစေလျက် ကာကွယ်စောင့်ရှောက်ရမည်ဟု ပြင်ဆင်ရန် တင်ပြထားပါတယ်။

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီး မြင့်ဝင်း နှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။ ဒီနေရာမှာ ရွေးချယ်စရာ (၃)ခု ဖြစ်ပါတယ်။

ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တို့ရဲ့ သဘောထားမှတ်ချက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းကို မူတည်ပြီးတော့ ဦးဖုန်းမြင့်အောင် ရဲ့ အဆိုပြုချက်ကို လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

ထောက်ခံမဲများတဲ့အဆိုဟာ အတည် ဖြစ်ပါတယ်။ ပြီးတော့မှ အဲဒီအဆိုနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦးတို့ရဲ့ အဆိုပြုချက်ကို ပြန်ပြီး မဲခွဲမှာ ဖြစ်ပါတယ်။ အားလုံး ရှင်းပါသလား။ ဒါကြောင့် ဥပဒေကြမ်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တို့ရဲ့ သဘောထားမှတ်ချက်အတိုင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဆိုတဲ့ အဆိုနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ရဲ့ အဆိုကို ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၀၀)၊ ကန့်ကွက်(၃၆)၊ ကြားနေ(၃၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ နဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တို့ရဲ့ အပိုဒ် ၉ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောထားမှတ်ချက် အနိုင်ရရှိပါတယ်။

ယခု ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီနဲ့ ဒေါ်ခင်ဝိုင်းကြည် တို့ရဲ့ သဘောထားမှတ်ချက်နဲ့ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီး မြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့ရဲ့ အဆိုပြုချက်တို့ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့် ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၅၂)၊ ကန့်ကွက် (၁၁၀)၊ ကြားနေ(၅) မဲ ဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး ဖြစ်တဲ့ ဒုတိယဗိုလ်မှူးကြီး မြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့ရဲ့ အဆိုပြုပြင်ဆင်ချက်အတိုင်း အပိုဒ် ၉ သည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၀ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အပိုဒ် ၁၀ ကို ပယ်ဖျက်ရန် တင်ပြထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က မူလအဆိုပြု ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါက ရွေးချယ်စရာ (၃) ခု ရှိနေပါတယ်။

ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ဖြစ်တဲ့ အပိုဒ် ၁၀ ကို ပြည်သူ့လွှတ်တော် ၏ အတည်ပြုချက် အတိုင်းထားရှိရန် ဆိုတဲ့အဆိုကိုမူတည်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အပိုဒ် ၁၀ ကို ပယ်ဖျက်ရန် ဆိုတဲ့ အဆို နဲ့ လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၅) ၊ ကန့်ကွက်(၁၆) ၊ ကြားနေ(၄၇) မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲများတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြတဲ့ အတိုင်း အတည်ဖြစ်ပါတယ်။ (သြဘာသံများ)

ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အပိုဒ် ၁၀ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် အဆိုနဲ့ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယ ဗိုလ်မှူးကြီး ရဲနိုင်ဦး တို့ရဲ့ မူလအဆိုပြုပြင်ဆင်ချက်အတိုင်း ဆိုတဲ့ အဆို (၂)ခုကို လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၄၀)၊ ကန့်ကွက်(၁၁၇)၊ ကြားနေ(၈) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် အပိုဒ် ၁၀ ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့ရဲ့ အဆိုပြုချက်အတိုင်း မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၁ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် သဘောထားမှတ်ချက်ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က အဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်ကို မူတည်ပြီးတော့ လွှတ်တော်ရဲ့ဆန္ဒ ရယူမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ (၄၇)၊ ကန့်ကွက်(၁၁၀)၊ ကြားနေ(၁၀) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် အပိုဒ် ၁၁ သည် ဒေါ်ခင်ဝိုင်းကြည် နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၂ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောထားမှတ်ချက်ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ(၃၃)၊ ကန့်ကွက်(၁၂၅)၊ ကြားနေ(၈) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် အပိုဒ် ၁၂ သည် ဦးဖုန်းမြင့်အောင်၊ ဒေါ်ခင်ဝိုင်းကြည်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၃ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က မူလအဆိုပြု ပြဋ္ဌာန်းချက် အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ (၃၆)၊ ကန့်ကွက်(၁၂၁) ၊ ကြားနေ(၇) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် အပိုဒ် ၁၃ သည် ဦးဖုန်းမြင့်အောင်၊ ဒေါ်ခင်ဝိုင်းကြည်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၄ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် သဘောထားမှတ်ချက် ပြုထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး ဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး တို့က အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ (၃၃) ၊ ကန့်ကွက် (၁၂၄) ၊ ကြားနေ (၈) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် အပိုဒ် ၁၄ သည် ဦးဖုန်းမြင့်အောင်၊ ဒေါ်ခင်ဝိုင်းကြည်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ပထမ အကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးလှအေး(အဖွဲ့ဝင်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုကို ကော်မတီဝင် ဦးလှအေး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီ၏ ပထမ အကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများ အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွား မြှင့်တင်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။ စာမျက်နှာ(၈)၊ ကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်ချက်များမှ စပြီးတော့ ဖတ်ပါ။

**အချိန်၊ ၁၀း၄၆။**

**ဦးသော်ဇင်ဦး (အဖွဲ့ဝင်၊ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွား မြှင့်တင်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွား မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပြီး ကော်မတီရဲ့ အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်**
**တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီ ပထမအကြိမ်**
**လွှတ်တော်သက်တမ်းအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ**

၂၃။ တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပအလုပ်သမားများဆိုင်ရာကော်မတီ အစီရင်ခံစာ ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် အမျိုးသား လွှတ်တော်သို့ တင်ပြနိုင်ခဲ့ပါသည်။

၂၄။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)၊ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)နှင့် ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)တို့မှ ကော်မတီ၏အကြံပြုချက်စာတမ်း အစီရင်ခံစာနှင့် ပတ်သက်၍ ကော်မတီ၏အကြံပြုစာတမ်း နောက်ဆက်တွဲအဖြစ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံ တင်ပြ၍ အတည်ပြုချက် ရယူနိုင်ခဲ့ပါသည်။

**တိုင်ကြားစာများနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်များ**

၂၅။ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီသို့ ရောက်ရှိ လာသော တိုင်ကြားစာများအနက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အမှုတွဲ(၅၁)စောင်၊ လယ်ယာမြေ

စုံစမ်းရေးကော်မရှင်သို့ အမှုတွဲ(၇၂)စောင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ (၇)စောင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်သူ့လွှတ်တော်သို့(၁)စောင် စုစုပေါင်း(၁၃၁)စောင် အား လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးပို့ခဲ့ပြီး ကော်မတီသို့ မိတ္တူပေးပို့သော အခြား တိုင်စာများကို မှတ်တမ်းတင်ထားရှိပါသည်။

၂၆။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ လွှဲပြောင်းပေးပို့သည့် တိုင်စာများအပေါ် မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခဲ့ခြင်းမရှိသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူပြီး အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်မပြမေးခွန်းဖြင့် မေးမြန်းခဲ့ရာ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ရှင်းလင်းဖြေကြားချက်များ ပေးပို့လာသောကြောင့် သက်ဆိုင်ရာ တိုင်ကြား သူ တောင်သူလယ်သမား( ၃၀ )ဦး ထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါသည်။

**နောင်လာမည့် အစည်းအဝေးအတွက် ပြင်ဆင်သင့်သည့်အချက်များအပေါ် ကော်မတီအဖွဲ့ဝင်များမှ သုံးသပ်အကြံပြုချက်များ**

၂၇။ အလုပ်ရှင်နှင့်အလုပ်သမားကိစ္စများတွင် ယခင်က တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းဖြေရှင်းပေးမှု များကို လွှတ်တော်ကော်မတီတစ်ရပ်အနေနှင့် ဆောင်ရွက်နိုင်ပါက အချို့ပြဿနာများကို ပြေလည် စေခြင်း၊ လွှတ်တော်အနေဖြင့်လည်း ပကတိမြေပြင်အခြေအနေကို သိရှိစေနိုင်ပါသည်။ ယင်းသို့သော အစဉ်အလာမျိုးကို ဆက်လက်ရှင်သန်အောင် ဆောင်ရွက်စေသင့်ပါသည်။

ကော်မတီလုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲများနှင့် လွှတ်တော်အစည်းအဝေးများ ပြုလုပ်ရာတွင် ပြည်ထောင်စုအဆင့်အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ လွှတ်တော်သို့လာရောက်ရှင်းလင်း တင်ပြချက်များ သည် ၎င်းတို့၏ ဆောင်ရွက်ချက်များကိုသာ ဦးစားပေး ရှင်းလင်းတင်ပြမှုများသာဖြစ်ပြီး အဆိုပါ မေးခွန်း နှင့်ပတ်သက်၍ အကျိုးသက်ရောက်မှု ရလဒ်များကိုမူ သိသာထင်ရှားပေါ်လွင်စွာ တင်ပြမှုမရှိသလောက် အားနည်းပါသည်။ ပူးပေါင်းဆောင်ရွက်မှု အပြန်အလှန်အလေးထား နားလည်မှု လိုအပ်နေသေးကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**နိဂုံး**

၂၈။ နောင်လာမည့် လွှတ်တော်သက်တမ်းများတွင် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွား မြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း သုံးသပ်အကြံပြုတင်ပြ အပ်ပါသည်။

တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွား မြှင့်တင်ရေးကော်မတီ

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွား မြှင့်တင်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွား မြှင့်တင်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဒုတိယဗိုလ်မှူးကြီးစိုးလင်း (အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာပါခင်ဗျား။ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကော်မတီရဲ့ အနှစ်ချုပ်အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဖြန့်ဝေပေးထားပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အကျဉ်းချုပ်တင်ပြသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာ ဖတ်ကြားတင်ပြရင်းနဲ့ ကော်မတီရဲ့ မှတ်တမ်းဓာတ်ပုံတွေနဲ့ Power Point ကို တင်ပြလိုပါသဖြင့် ခွင့်ပြုနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်**
**နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏**
**ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုအစီရင်ခံစာ**

နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ထာဝစဉ်ဖော်ဆောင်နိုင်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း၍ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားကို စဉ်ဆက်မပြတ် ထာဝစဉ်သယ်ပိုး

နိုင်ရေး၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၊ AIPA နှင့် IPU အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်များနှင့် ဆက်သွယ်ဆက်ဆံနိုင်ရေးတို့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄၊ နည်းဥပဒေ ၇၉ နှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ ၂၀၁၁ ခုနှစ် ဩဂုတ်လ (၂၂) ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီးတော့ အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်းလည်း တင်ပြအပ်ပါတယ်။

ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကတော့ ကော်မတီရဲ့ ဖွဲ့စည်းရတဲ့ ရည်ရွယ်ချက် ဘောင်အတွင်းကနေပြီးတော့ ချမှတ်ဆောင်ရွက်ခဲ့တာပါ။ ကော်မတီရဲ့ဆောင်ရွက်ချက်များကို ဆက်လက်တင်ပြရမယ်ဆိုရင်တော့ ကော်မတီအစည်းအဝေး (၂၇)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လက်ခံတွေ့ဆုံတဲ့နေရာမှာတော့ UNDPကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ အဖွဲ့ဝင်အဖွဲ့များ၊ ထိုင်းနိုင်ငံအထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာကိုယ်စားလှယ်အဖွဲ့၊ ဟောင်ကောင်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခနှင့်အဖွဲ့၊ ဗြိတိန်သံရုံးမှ ပထမအတွင်းဝန်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ National Democratic Institute မှ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံလုံးဆိုင်ရာနိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်(CPPCC)မှ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗီယက်နမ်သံရုံးမှ သံမှူး၊ နောက် ဗန်ကောက်မြို့ အခြေစိုက်ထားတဲ့ ဟန်ဂေရီသံအမတ်ကြီး၊ ကနေဒါနိုင်ငံဆိုင်ရာ Royal Road University မှ ပါမောက္ခနှင့် ပါကစ္စတန်နိုင်ငံသံရုံးမှသံအမတ်ကြီး၊ စင်ကာပူနိုင်ငံသံရုံးကနေပြီးတော့ သံအမတ်ကြီး၊ ပြင်သစ်-မြန်မာချစ်ကြည်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးတို့နှင့် တွေ့ဆုံခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲတွေ၊ အခမ်းအနားတွေ တက်ရောက်တဲ့နေရာမှာတော့ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ လွှတ်တော်အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် Workshop on Federalism နဲ့ ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲတွေကို တက်ရောက်ခဲ့ပါတယ်။ ပြည်ပ အလုပ်ရုံ ဆွေးနွေးပွဲတွေ (၁၃)ကြိမ် ကျွန်တော်တို့ တက်ရောက်ခဲ့တာရှိပါတယ်။ ကော်မတီရဲ့ အထူးကိစ္စတွေ၊ အထူးကိစ္စဆောင်ရွက်ချက်များကို ဆက်လက်တင်ပြရမှာတော့ ဗီယက်နမ်နိုင်ငံ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌမှ တောင်တရုတ်ပင်လယ်အရေး တင်ပြထားတဲ့ကိစ္စ၊ အင်ဒိုနီးရှား အထက်လွှတ်တော်ဥက္ကဋ္ဌမှ မြန်မာနိုင်ငံကို ဘင်္ဂါလီလူမျိုးများနဲ့ ပတ်သက်ပြီးတော့မှ မဟုတ်မမှန် Internet မှာ တင်ထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့သလို (၃၃)ကြိမ်မြောက် (AIPA) အထွေထွေညီလာခံမှာ ရခိုင်ဒေသဖြစ်ပျက်မှု ရှင်းလင်းပြောကြားတဲ့ ကိစ္စ၊ EU ပါလီမန်ချင်းပြုလုပ်တဲ့ Political Transition and peace processes ဆွေးနွေးပွဲမှာ ကော်မတီဥက္ကဋ္ဌ ရှင်းလင်းခဲ့တဲ့ကိစ္စတွေကို တင်ပြထားတာ ဖြစ်ပါတယ်။ အထောက်အကူပြု စာအုပ်တွေ၊ စာတမ်းတွေ ဖြန့်ဝေတဲ့နေရာမှာတော့ ကော်မတီဝင်များရဲ့ Capacity Building လုပ်ရန်အတွက် စာတမ်းများနဲ့ ပတ်သက်ပြီးတော့ Softcopy၊ Hardcopy တွေကို ဖြန့်ဝေခဲ့ပါတယ်။

ယခု ကျွန်တော် တောင်တရုတ်ပင်လယ်ရဲ့ အခြေအနေကို ပါဝါပွိုင့်နဲ့ အကျဉ်းမျှ တင်ပြလိုပါတယ်။ ဒီတောင်တရုတ်ပင်လယ်မှာ အငြင်းပွားနေတဲ့ SPRATLY ISLAND အကြောင်း ကျွန်တော်တင်ပြမှာ ဖြစ်ပါတယ်။ နောက်ခံသမိုင်းအကျဉ်းလေးကို တင်ပြရမယ်ဆိုတော့ စွမ်းအင်နဲ့ အစာ

အရင်းအမြစ်တွေပေါ်များပြီး ရေနံစိမ်း (၁၇.၇)ဘီလီယံခန့်ရှိတယ်၊ သဘာဝဓာတ်ငွေ့တွေ ပေါ်များပြီးတော့ ပင်လယ်ထွက်ပေါက်အနေနဲ့ အသုံးပြုနိုင်ကြောင်း လေ့လာရပါတယ်။ ကျွန်းငယ်(၄၅)ကျွန်းမှာတော့ နိုင်ငံ(၅)နိုင်ငံက စစ်တပ်အဖွဲ့ငယ်တွေ သိမ်းပိုက်ထားပြီးတော့ တရုတ်နိုင်ငံကတော့ ဘီစီ(၆၀၀) မြေပုံမှာပါတယ်။ ဗီယက်နမ်ကတော့ ၁၈၃၄ ခုနှစ် မြေပုံထဲကနေပါတယ်၊ ဖိလစ်ပိုင်ကတော့ ပထမဆုံးနိုင်ငံတည်ထောင်ကတည်းကရှိတယ်။ မလေးရှားနဲ့ ဘရူနိုင်းတို့က ပင်လယ်ပြင်ဥပဒေအရ ပိုင်ဆိုင်ကြောင်း အငြင်းပွားနေတာရှိပါတယ်။ နောက်ဆက်တွဲ ပြဿနာတွေကတော့ ၂၀၁၃ ခုနှစ်မှာတော့ မလေးရှားတော်ဝင်ရေတပ် RMN ဟာ တောင်တရုတ်ပင်လယ် ဘင်ဒလူကမ်းခြေမြို့မှာ ရေတပ်အခြေစိုက်တပ်စခန်းတစ်ခုနဲ့ Marine တပ်ဖွဲ့ဝင်တွေထားရှိရန် ကြိုးပမ်းခဲ့သလို ဗီယက်နမ်(၁၃)ဦးအား ပင်လယ်လိပ်တွေနဲ့တွေ့ကြောင်း၊ ဖိလစ်ပိုင်ရေပိုင်နက်မှာ ဖမ်းမိခဲ့ကြောင်းထုတ်ပြန်ခဲ့တာရှိပါတယ်။ သင်းခွေချပ် အသေ ရာပေါင်းများစွာနဲ့အတူ တရုတ်(၁၂)ဦးကို ဖမ်းမိခဲ့ကြောင်းနှင့် တရားစွဲဆိုခြင်းမှ ရပ်တန့်ထားကြောင်းလည်း ဗီယက်နမ်တွေက ပြောကြားခဲ့တာ ရှိပါတယ်။

လေယာဉ်တင်သင်္ဘောတွေနဲ့အတူ စစ်သင်္ဘော(၂)စီး၊ ဒုံးကျည်တပ် ခရူဇာတိုက် သင်္ဘော(၂)စီး၊ တရုတ်သင်္ဘောသား၊ စက်ကိရိယာတွေ တပ်ဆင်စမ်းသပ်ရန် စေလွှတ်ထားကြောင်း တရုတ်တွေက နေပြီးတော့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ တောင်တရုတ်ပင်လယ်အတွင်းမှာ ပြည်ပနိုင်ငံများ ငါးဖမ်းသင်္ဘောများ ဝင်ရောက်လို့ရှိရင် ငါးဖမ်းလိုပါက တရုတ်အစိုးရထံကို ခွင့်ပြုချက်ရယူရမယ်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းခဲ့တဲ့အတွက်ကြောင့်မို့လို့ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ် ဧရိယာတွေမှာ ၎င်းပိုင်နက်အဖြစ် ဆောင်ရွက်လျက်ရှိတဲ့ဟာကို ဖိလစ်ပိုင်ရဲ့ အထူးစီးပွားရေးဇုန်တွေ ပါဝင်နေကြောင်း ဖိလစ်ပိုင်ကနေပြောကြားခဲ့တယ်။ ဖိလစ်ပိုင်သင်္ဘော(၂)စီးကို တရုတ်ကမ်းခြေစောင့် တပ်ဖွဲ့တွေက တားမြစ်မှုအပေါ် ကန့်ကွက်ကြောင်း၊ ဖိလစ်ပိုင်က ထုတ်ဖော်ပြောကြားခဲ့တာတွေရှိပါတယ်။ ဖိလစ်ပိုင် Marine တပ်ဖွဲ့ဝင်တွေ တင်ဆောင်လာတဲ့ ငါးဖမ်းလုပ်ငန်းနှင့် ရေအရင်းမြစ် သုတေသနရေယာဉ်ငယ်တွေကို တရုတ်ကမ်းခြေစောင့် သင်္ဘောများက (၂)နာရီကြာ ပိတ်ဆို့ဟန့်တားခဲ့တာကိုလည်း ထုတ်ပြန်ထားခဲ့တာရှိပါတယ်။ တရုတ်တွေရဲ့ ရေနံတူးစင်အနီးမှာ တရုတ်သင်္ဘောတွေကနေ ပြီးတော့မှ ရေအမြောက်တွေနဲ့ ဗီယက်နမ်သင်္ဘောတွေကို ပစ်ခတ်တိုက်ခိုက်တဲ့အတွက်ကြောင့်မို့လို့ ဗီယက်နမ်သင်္ဘောသား(၆)ဦး ဒဏ်ရာရရှိခဲ့တာပါ၊ တရုတ်က စစ်သင်္ဘော(၇)စီး အပါအဝင် သင်္ဘော အစီး(၈၀) စေလွှတ်ခဲ့ကြောင်း ဗီယက်နမ်က ထုတ်ဖော်ပြောကြားခဲ့တာ ရှိပါတယ်။

တရုတ်တွေကနေပြီးတော့ ဗီယက်နမ်ရဲ့ သင်္ဘောဆုံးရှုံးမှုများနဲ့ သင်္ဘောသား ထိခိုက်မှုများကို လျော်ကြေးပေးရမယ်လို့ တောင်းဆိုရင်းကနေပြီးတော့ ဟိုချီမင်းမြို့မှာ ဆန္ဒပြတဲ့အထိဖြစ်ခဲ့ပါတယ်။ လုပ်သား (၁၉၀၀၀)ခန့် ဆန္ဒပြခဲ့ပြီးတော့မှ တရုတ်နိုင်ငံပိုင်စက်ရုံ(၁၅)ရုံ မီးရှို့ခံခဲ့ရပြီးတော့ စက်ရုံ(၁၀၀၀)ကျော်ပိတ်ခဲ့ရတာလည်းရှိပါတယ်။ တရုတ်တွေက မြေဖို့ပြီးတော့မှ လေယာဉ်ကွင်း ဆောက်လုပ်ထားမှုနဲ့ပတ်သက်ပြီး ဖိလစ်ပိုင်ကနေပြီး ကန့်ကွက်ခဲ့တယ်၊ ဒီကိစ္စကို သမ္မတအကွီနို ကလည်းပဲ မြန်မာနိုင်ငံနေပြည်တော်မှာ ကျင်းပတဲ့ အာဆီယံထိပ်သီး အစည်းအဝေးပွဲမှာ ရှင်းပြခဲ့တာ ရှိပါတယ်။ ဖိလစ်ပိုင်ကလည်းပဲ ဖိလစ်ပိုင်နဲ့ အမေရိကန်စစ်သင်္ဘောများ ဆိုက်ကပ်ရန် ရေတပ်စခန်းတစ်ခု တည်ဆောက်ခဲ့တဲ့အတွက် ဗီယက်နမ်နိုင်ငံနဲ့ အငြင်းပွားရေပိုင်နက်အတွင်းမှာ ရေယာဉ်များ၊ ရေငုပ်သင်္ဘောများ စေလွှတ်ခဲ့ပြီးတော့ ငါးဖမ်းပိုက်တွေ၊ အတားအဆီးတွေ ရေပိုင်နက်အတွင်းမှာ ပစ်ချခဲ့တဲ့ ဖြစ်စဉ်တွေလည်း ဖြစ်ခဲ့ပါတယ်။

ရေနံတူးစင်အနီးမှာ တရုတ်တွေကနေပြီးတော့မှ ရေယာဉ်အစင်း(၁၂၀)ခန့် ဖြန့်ချထားတဲ့အထဲမှာ ကမ်းခြေစောင့်ရေယာဉ်(၄၀)၊ ပို့ဆောင်ရေးဆွဲသင်္ဘော(၃၀)နဲ့ ငါးဖမ်းသင်္ဘော(၃၅)စင်းနဲ့အတူ စစ်သင်္ဘော(၄)စီးပါဝင်ပြီးတော့မှ Y-8 လေယာဉ်နဲ့ပါ ကင်းလှည့်နေကြောင်း ထုတ်ပြန်ခဲ့တာ ရှိပါတယ်။ ကျွန်းပေါ်မှာနေထိုင်တဲ့ မိသားစုတွေကို အကြောင်းပြုပြီးတော့ ကလေးတွေအတွက် ကျောင်းဖွင့်ရန်နှင့် လူဦးရေ(၁၄၄၃)ဦးရှိတဲ့ မြို့ငယ်တစ်မြို့ မြို့ပြအဖြစ် တည်ဆောက်သွားရေးအတွက် တရုတ်တွေက ထုတ်ဖော်ပြောကြားထားတာရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ နာရှာနဲ့ ဇီရှာကျွန်းတွေမှာ ၁၉၇၈ ခုနှစ်၊ တရုတ်မြေပုံထဲမှာ ဗီယက်နမ် လည်းမပါဘူး။ ဖိလစ်ပိုင်လည်း ဥပဒေနဲ့အညီရယူထားတာ မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ဒီကျွန်းတွေပေါ်မှာရှိတဲ့ အဆောက်အဦတွေ၊ Marine တပ်ဖွဲ့တွေ ဖယ်ရှားပေးပါဆိုတဲ့ တရုတ်တို့က တောင်းဆိုခဲ့တာ ရှိပါတယ်။

တရုတ်ကမ်းခြေတပ်တွေ ဖိလစ်ပိုင်ငါးဖမ်းသင်္ဘောတွေကနေ ငါးဖမ်းသင်္ဘောများကို သေနတ်နှင့်ချိန်ပြီး လုယက်မှုလုပ်ခဲ့တာကိုလည်းပဲ ဖိလစ်ပိုင်က ထုတ်ဖော်ပြောထားတာရှိပါတယ်။ အမေရိကန်နဲ့ ဖိလစ်ပိုင်စစ်ရေးလေ့ကျင့်မှုတွေ လုပ်ခဲ့ပြီးတော့ အမေရိကန်စစ်သင်္ဘောတွေ၊ တောင်တရုတ်ရေပိုင်နက်အတွင်းမှာ ဖြတ်သန်းခြင်း၊ ဂျက်လေယာဉ်များပျံသန်းခြင်းအပြင် ယခုလအတွင်းမှာ B52 လေယာဉ်၊ ဗုံးကြဲလေယာဉ် ဖြတ်သန်းပျံသန်းခြင်းများကိုလည်း တွေ့ရပါတယ်။ အင်ဒိုနီးရှားကနေပြီးတော့ ငြိမ်းချမ်းစွာပူးတွဲ ကင်းလှည့်လိုတဲ့အကြောင်းကို ထုတ်ဖော်ပြောကြားခဲ့မှုကိုလည်း မလေးရှားက ထောက်ခံခဲ့တာရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်များကိုတော့ ပါဝါပွိုင့်မှာ ကျွန်တော်တို့ တင်ပြထားပါတယ်။ (၁၁)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်ရဲ့ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲမှာလည်း တင်ပြထားချက်များကိုလည်း ပါဝါပွင့်မှာ ကျွန်တော်များ တင်ပြထားတာရှိပါတယ်။ သုံးသပ်ချက်အနေနဲ့တော့ ၁၉၈၇ ခုနှစ်၊ တရုတ်တို့ရဲ့ ပါဝင်ပတ်သက်လာမှုနဲ့ ပတ်သက်ပြီးတော့ အငြင်းပွားမှုတွေ ထိပ်တိုက်မကြာခဏ ဆိုသလိုတွေ့ခဲ့ရတာရှိပါတယ်။ အငြင်းပွားမှု ထိပ်တိုက်ရင်ဆိုင်မှုများဟာလည်းပဲ အမေရိကန်၊ ဂျပန်တို့ပါဝင်ပတ်သက်ပြောဆိုမှုများလည်း ရှိခဲ့ပါတယ်။ အငြင်းပွားမှုနဲ့ ထပ်တိုက်တွေ့မှုများကို နိုင်ငံများအလိုက်လေ့လာ သုံးသပ်ရမယ်ဆိုရင်တော့ တရုတ် နဲ့ ဖိလစ်ပိုင်၊ တရုတ် နဲ့ မလေးရှား၊ တရုတ်၊ ဗီယက်နမ်နဲ့ တရုတ်ရဲ့ တည်ဆောက်မှုများ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ စွဲဆိုထားတဲ့ အမှုတွေနဲ့ ပတ်သက်ပြီးတော့ ဖြေရှင်းတဲ့အခါမှာ Pending ဖြစ်နေတဲ့ အမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း Power Point Slide မှာ တင်ပြထားပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင်တော့ အငြင်းပွားနေရာကို နိုင်ငံအဆင့် ကိုယ်စားလှယ်များ မျက်နှာချင်းဆိုင် ပွင့်လင်းစွာ ဖြေရှင်း၍ အဖြေရှာခြင်း၊ နောက်တစ်နည်းကတော့ အာဆီယံကြေညာစာတမ်းမှာ Decelaration Of Conduct (DOC) အမြန်အသက်ဝင်ရေးနဲ့ ဆောင်ရွက်ပြီးတော့ ငြိမ်းချမ်းစွာအဖြေရှာခြင်း၊ နောက် အမ်းကလေ့မှာ အငြင်းပွားနေတဲ့ နိုင်ငံတွေ ပွင့်လင်းမြင်သာစွာ အခြေအနေအမှန်ကို အမှန်အတိုင်းတင်ပြပြီး ငြိမ်းချမ်းစွာ အဖြေရှာခြင်း၊ အမ်းကလေ့မှာ ဖြေရှင်းတဲ့အခါမှာလည်းပဲ (၃)ချက်ဖြင့် အဆင့်ဆင့် ဖြေရှင်းသင့်ကြောင်းကိုလည်း တင်ပြထားပါတယ်။ ဒီဟာတွေကတော့ International Tribinal For Law Of The Sea ပေါ့။ နောက်တစ်ခုကတော့ အဲဒီအဆင့်မှ မရဘူးဆိုလို့ရှိရင် နောက်တစ်ဆင့်က International Court of Justic ဒီလို သွားမှာ ဖြစ်ပါတယ်။

နောက်ဆုံးအဆင့်ကတော့ Special Arbitral Tribunal For certain Categories of Distipute အသေးစိတ် ကျွန်တော်တို့ အငြင်းပွားနေရတဲ့ နေရာများကို အသေးစိတ် ဖြေရှင်းခြင်းပဲ ဖြစ်ပါတယ်။

လေ့လာသုံးသပ်ချက်များကို ဆက်လက်တင်ပြရမယ်ဆိုရင်တော့ ကော်မတီဟာ နိုင်ငံတကာ မှ ပညာရှင်တွေနဲ့ ဆက်ဆံဆွေးနွေးရတဲ့ အတွက်ကြောင့်မို့လို့ ကော်မတီဝင်များရဲ့ ဝါသနာပါမှု၊ အရည်အချင်း အတွေ့အကြုံများ အရေးပါကြောင်းကိုလည်း လေ့လာမှတ်သားရပါတယ်။ လုပ်ငန်းတာဝန်တွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတဲ့ အတွက်ကြောင့်မို့လို့ ကော်မတီဝင်တွေ ပြောင်းလဲတာဝန်နဲ့ ပေးတဲ့ အခါမှာ လုပ်ငန်းဆက်စပ်မှုအတွက် အချိန်ပေးရကြောင်းလည်း မှတ်သားရပါတယ်။ နိုင်ငံတကာ လွှတ်တော်များ ပိုမိုနီးကပ်စွာ ဆက်ဆံရေးမြှင့်တင်နိုင်ပြီးတော့ နိုင်ငံရဲ့စီးပွားရေး၊ လူမှုရေး၊ တရားမျှတရေး ပိုမိုဆောင်ရွက်သင့်ကြောင်းလည်း လေ့လာရပါတယ်။ နိုင်ငံတကာနဲ့ ဆက်ဆံရေးတိုးချဲ့လုပ်နိုင်ရန် အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ပိုမိုပြီးနီးနီးကပ်ကပ် ဆောင်ရွက်သင့်ကြောင်းလည်း တွေ့ရှိရပါတယ်။ ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ ညွှန်ကြားမှု၊ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကော်မတီဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ပြည့်မီရေး ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ အစီရင်ခံ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နိုင်ငံတော်အဆင့် ကိုယ်စားလှယ်များ အစည်းအဝေး ဆွေးနွေးပွဲများ ကျင်းပနေပုံ (ည)



နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ မှတ်တမ်းတင်ဓာတ်ပုံ (ည-၁)



နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ ဥက္ကဋ္ဌဆွေးနွေးပွဲ မြင်ကွင်းပုံ (ည-၂)



**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၄)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၁း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]